## ကရင့်အာဇာနည်နေ့ အခမ်းအနားအား ပိတ်ပင်တားဆီးပြီး ကရင်အရပ်ဘက်ခေါင်းဆောင်များအား အရေးယူသည့်အပေါ် ရခိုင်အရပ်ဘက်အဖွဲ့အစည်းများမှ ထုတ်ပြန်ချက်

ဩဂုတ်လ (၁၃)ရက်၊ ၂၀၂၀။

ရန်ကုန်မြို့တွင် ကျင်းပသည့် နှစ် (၇၀) ပြည့် ကရင့်အာဇာနည်နေ့ အခမ်းအနားကို အာဏာပိုင်များက တားဆီး ပိတ်ပင်ခဲ့သဖြင့် အခမ်းအနားပွဲပျက်ခဲ့ရသည့်အပြင် ကရင်လူငယ်ခေါင်းဆောင် စသိန်းဇော်မင်း၊ စကွာလာနှင့် ဒေါ်စိန်ထွေးတို့ကို ဖမ်းဆီးသွားခဲ့ပြီး ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ (၂၀) ဖြင့် အမှုဖွင့်ထားကြောင်းကြားသိရသည့်အတွက် ကျွန်ုပ်တို့အနေဖြင့် ကရင်ပြည်သူများနှင့် ထပ်တူ စိတ်မကောင်းဖြစ်ရပါသည်။

မြန်မာနိုင်ငံသည် မတူကွဲပြားသည့် ကိုးကွယ်ယုံကြည်မှုများနှင့် လူမျိုးပေါင်းများစွာ စုဖွဲ့နေထိုင်သည့် ပြည်ထောင်စုနိုင်ငံတော် ဖြစ်သောကြောင့် ဗမာအပါအဝင် တိုင်းရင်းသားလူမျိုးတိုင်းသည် တူညီသော နိုင်ငံရေးအဆင့်အတန်းနှင့် ညီမျှသော အခွင့်အရေးများရှိရမည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။

မြန်မာအစိုးရအနေဖြင့် ဗမာ့အာဇာနည်ခေါင်းဆောင်များနေ့ကိုသာခွင့်ပြုပြီး ကျန်တိုင်းရင်းသားများ၏ အာဇာနည်နေ့ကို အသိအမှတ်မပြုခြင်း၊ အခမ်းအနားကျင်းပခြင်းကို ပိတ်ပင်တားဆီးခြင်းနှင့် တက်ရောက်နေသည့် လူပုဂ္ဂိုလ်များ ကို အတင်းအဓမ္မဝင်ရောက်ဖမ်းဆီးအရေးယူခြင်း စသည်တို့မှာ တန်းတူညီမျှသော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးသို့ ဦးမတည်ဘဲ လက်ကျန်ပြည်ထောင်စုစိတ်ဓာတ် ကုန်ခမ်းသွားစေရန်သာ တွန်းပို့ရာရောက်သည်ဟု ထင်မြင်ယူဆမိပါသည်။

ကျွန်ုပ်တို့ ရခိုင်အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် ကရင့်အာဇာနည်ခေါင်းဆောင်ကြီး စောဘဦးကြီးအား နှင့်တကွ ကျဆုံးလေပြီးသောအာဇာနည်ခေါင်းဆောင်များအားဦးညွှတ်ဂါဝရပြုအပ်ပြီး အမျိုးသားတန်းတူ ရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်ခွင့်အတွက် ဆက်လက်ကြိုးပမ်းနေသည့် ကရင်ပြည်သူများနှင့်အတူ ရပ်တည်လျှက် ရှိပါသည်။

ရခိုင်အရပ်ဘက်အဖွဲ့အစည်းများ -

၁။ ရခိုင့်ရှေ့ဆောင်အမျိုးသမီးများအဖွဲ့
၂။ People For People (PFP)
၃။ ရခိုင်တိုင်းရင်းသားမျိုးနွယ်များ အစည်းအရုံး (REC)
၄။ Peace and Development Initiative (PDI)
၅။ Community Empowerment and Resilience Association
၆။ ဝံလက် ဒေသဖွံ့ဖြိုးရေးဖောင်ဒေးရှင်း
၇။ Arakan Humanitarian Coordination Team

၈။ ရခိုင်အရပ်ဘက်အဖွဲ့အစည်းများကွန်ရက် (ACN)
၉။ ရခိုင်လူငယ်မျိုးဆက်သစ် - ကွန်ရက်
၁၀။ အစိမ်းရောင်ဘ၀များ
၁၁။ အုန်းတော ပရဟိတ ဖောင်ဒေးရှင်း
၁၂။ သန္တာရင်သွီး မျိုးဆက်သစ်လူငယ်များအဖွဲ့
၁၃။ ရမ်းဗြဲမြို့နယ် လူငယ်များကွန်ရက်
၁၄။ ရခိုင်ပြည်ကျောင်းသားသမဂ္ဂ
၁၅။ မရာမာကြီးလူငယ်များ ကွန်ရက်
၁၆။ သက်လူငယ်များဖွံ့ ဖြိုးတိုးတက်ရေးအဖွဲ့
၁၇။ တောင်ကုတ်လူငယ်ကွန်ရက်
၁၈။ စေတနာ့လူငယ်များအဖွဲ့
၁၉။ အမ်းလူငယ်မျိုးဆက်သစ်
၂၀။ အနောက်တံခါးလူငယ်များအဖွဲ့ (မောင်တော)
၂၁။ စာပေဥယျာဉ်_ဘူးသီးတောင်
၂၂။ ရသေ့တောင်မြို့နယ် လူငယ်ကွန်ရက်
၂၃။ ရခိုင်လူငယ်မျိုးဆက်သစ်အဖွဲ့ (RYNG)
၂၄။ မြို့လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့
၂၅။ ရခိုင်မျိုးဆက်သစ်အမျိုးသမီးအဖွဲ့
၂၆။ မြောက်ဦးလူငယ်များ အစည်းအရုံး (MUYA)
၂၇။ ဘ၀အားမာန် အသင်း
၂၈။ ကမ်းထောင်းကြီး လူငယ်မျိုးဆက်သစ်

ဆက်သွယ်ရန် -
ဦးသန်းလှ - ၀၉ ၄၄၈၀၁ ၆၃၃၇